ဖလုံဘူတာ၊ မြို့ကွက်ကျေးရွာ

တိုက်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဖလုံဘူတာ၊ မြို့ကွက်ကျေးရွာ၊ တိုက်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

## မာတိကာ


မာတိကာ ၁

စကားချီး ၅

မြို့ကွက်ကျေးရွာသယံဇာတပြမြေပုံ၊

တိုက်ကြီးမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ပ်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာနေအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မြို့ကွက်ကျေးရွာ

တိုက်ကြီးမြို့နယ်

ဖလုံဘူတာကျေးရွာအုပ်စု၊ မြို့ကွက်ကျေးရွာ ၊ သယံဇာတပြမြေပုံ တိုက်ကြီးမြို့နယ်

ဖလုံဘူတာကျေးရွာအုပ်စု၊ မြို့ကွက်ကျေးရွာ ၊ သယံဇာတပြမြေပုံ



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

**၁ နိဒါန်း**

**(က)ရည်ရွယ်ချက်**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့ သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ

အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှ ဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေး ဆွဲခြင်း များကို မြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများ ကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါ သည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန် မြို့မှ မိုင် ၆၀ခန့်အကွာ ရန်ကုန် ပြည်ကားလမ်းပေါ်တွင်တည်ရှိပြီး မြိုင်ဟေဝန်ဆင်စခန်းလမ်းမကြီး နှင့် အုပ်ချုပ်ရေးစိုက်ရာ တိုက်ကြီးမြို့အနီးတွင် တည်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ စာသင်ကျောင်းများနှင့်နီးစပ်ပြီး သွားလာရေး လွယ်ကူကာ စိုက်ပျိုးရေး ၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းအဖြစ် အရောင်းအဝယ်၊ ကျပန်းနှင့် လယ်လုပ်ကိုင်ကြပြီး မိုးရေချိန်လက်မ ၈၀ မှ ၁၀၀ ဝန်းကျင်သာ ရှိသဖြင့် စိုက်ပျိုးရေးကို အထောက်အကူပြုပြီး ကုန်းပိုင်းဒေသတွင်တည်ရှိသဖြင့် ဆားငန်ရေဝင်ရောက်မှုလွတ်ကင်းသည်။ပဲခူးရိုးမတောင်ခြေနှင့်နီးသဖြင့် တော၊တောင်များ အားပြုကာ အသက်မွေးဝမ်းကျောင်းပြုနိုင်သည်။ တောင်များသည် မြေအစွန်းအစောင်းများသဖြင့် အခက်တွေ့ရသော်လည်း ၄င်းတို့ကိုရှင်းလင်းပြီး ရော်ဘာ၊ ကြံ၊ ထင်း၊သစ်မာ၊ စိုက်ခင်းများပြုလုပ်ကြပြီး မြောက်ဘက် ၁မိုင်ခန့်အကွာတွင်မာဂရီချောင်းရှိပြီး တောင်ဘက်ခြမ်းတွင် ဒုံးခိုက်ချောင်းတို့ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မိုးပြင်းထန်စွာရွာလျှင် ရေကြီးရေလွှမ်းသဖြင့် ထိခိုက်ပျက်စီးမှုများ ခံစားရပြီး စပါးထွက်နှုန်း အသင့်အတင့်ရှိကာ ကုန်းပိုင်းဖြစ်၍ ဆည်ရေသွင်းမရပါ။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန် သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူအချို့မှာ တဘူးလှဆည်ရေဖြင့် လယ်မြေဧက (၅၀ဧက)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်ပြီး စပါးနှင့်မတ်ပဲကိုအဓိကစိုက်ပျိုးကာ မြေအောက်ရေ အသုံးပြုမှု နည်းပါးသည်။ သစ်တောဌာနမှ အပင်မျိုးစေ့များချပေး၍ ယူကလစ်၊ မလေးရှား၊ ပျဉ်းကတိုး၊ ကျွန်းစသည်တို့စိုက်ပျိုးပြီး ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဘဲ၊ ဝက်များမွေးမြူကြ ပြီး စွန့်ပစ်ပစ္စည်းများစနစ်တကျစွန့်ပစ်မှုမရှိပါ။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၅၆) စုနှင့်ကျား(၅၂၁)၊ မ(၄၉၁)ဦးဖြင့်လူဦးရေပေါင်း (၁၀၆၄)ဦးရှိကာ နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် ညီမျှသည်။ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၂.၆% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်သည်။ လူငယ်များ၊ အမျိုးသမီးငယ်များကို အသက်မွေး ဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ လေ့ကျင့် သင်ကြားပေးသဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် တောတက်၊တောခုတ်၊ ဟင်းရွက်ခူးခြင်းနှင့် နေ့စားလိုက်ခြင်း တို့ဖြစ်ပြီးတစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၃% သည် ချမ်းသာကြပြီး ၂၇%မှာ အလယ်အလတ်အဆင့်ရှိကြကာ ၅၈%မှာ ဆင်းရဲသောအိမ်ထောင်စု အဖြစ်ခံယူကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့် လက်လုပ်မီမှုမရှိပဲ ကျေးရွာ့စီးပွားရေးအနေအထားမှာ အလွန်ညံ့သည်ဟု ပြောနိုင်သည်။ ဝင်ငွေရလုပ်ငန်း များဖြစ်သော ကုန်ရောင်းကုန်ဝယ်လုပ်ခြင်း၊ ဈေးရောင်းခြင်း၊ ငွေတိုးပေးခြင်း စသော အသေးစားအိမ်တွင်း လုပ်ငန်းများရှိပြီး ငွေချေးသော အိမ်ထောင်စု အချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြ သည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာမပိုင်သော အိမ်ထောင်စုများပါဝင်သည်။ အိမ်ထောင်ကျသွားသော်လည်း မိဘအိမ်တွင်သာကပ်နေကြပြီး စက်ဘီး၊ ဆိုင်ကယ် အဟောင်းများကိုသာပိုင်ဆိုင်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် ဈေးရောင်း၊ နေ့စား၊ ကောက်စိုက်၊ တောတက်၊ ဝါးခုတ်၊ ဟင်းရွက်ခူး၊ စက်ရုံနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ကာ အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု များ၏ ၃၀%ဖြစ်သော (၅၉) စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၇၂.၃%မှာ ၃လအောက် ဆန်အိတ်လဆိုင်ယူ၍ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၆လအောက် ၆%မှာ ၁၂လအထိ အရောင်းအဝယ်နှင့် ဝန်ထမ်းများဖြစ်သည်ကို တွေ့ရှိရသည်။ ဆင်းရဲသော မိသားစုများသည စားဝတ်နေရေး အခက်အခဲရှုကြပြီး အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁သောင်းကျပ်မှ ၃သိန်းကျပ်ထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ (၅)စုခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီး မိသားစုစောင့်ရှောက်မှု မရှိသော အသက် ၆၀နှစ်အထက်များဖြစ်ကြပြီး ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၅၄ စုနှင့် မုဆိုးဖိုတစ်ခုလပ်အိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များကြသည်။ ဆင်းရဲ၍ မိသားစုဦးရေ များပြားသော အိမ်ထောင်စု များသည် ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးလုပ်ငန်းများ လုပ်ကိုင်ကြရသဖြင့် ကျန်းမာရေးနှင့် ပတ်သက်သော အားနည်းချက်များ တွေ့ကြုံရနိုင်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေး ရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ရာသီအကူးအပြောင်းတွင် ကျေးရွာသားများအနေဖြင့် သွေးလွန်တုပ်ကွေးနှင့် ဆီးချိုစသော ရောဂါများတွေ့ရှိရပြီး အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို မပြည့်စုံသောကြောင့် မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များသို့ ငွေကုန်ကြေးကျခံ၍ ကုသရသည်။ ကျေးရွာ နှင့် ၁၂မိုင်အကွာတွင် ဆေးရုံ၊ ဆေးခန်းများရှိပြီး သွားလာရန်ခက်ခဲသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။

ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ကြပါသည်။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ား လေးအရေအတွက်ထက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အား လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန် လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်း များမြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ယခင်ကထက် ပို၍ သာရေး၊ နာရေးအဖွဲ့များတိုးတက်အားကောင်း လာပြီး လုပ်ငန်းဝင်ငွေ၊ထွက်ငွေကိုလည်း စနစ်တကျ ဆောင်ရွက်သော ကြောင့်အောင်မြင်လာသည်ကို တွေ့ရသည်။ ဝေယျာဝစ္စ အဖွဲ့ ၃ ခုရှိပြီး ကျောင်းကန်ဘုရား၊ ရွာတွင်းလမ်း၊ မြောင်း၊ တံတားများ ဆောင်ရွက်ပြီး ဓမ္မစကြာအသင်းလည်းရှိပြီး ဘာသာရေးပွဲများတွင် ကောင်းမွန်စွာလုပ်ဆောင်နိုင်ပြီး ပထမဆုရရှိထားကာ ကျေးရွာရှိအဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်မှုအားနည်းပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၃၄၈)ရှိပြီး သီးထပ်အဖြစ် မတ်ပဲ (၈၀)ဧကနှင့် နွေစပါး (၅၀) ဧကကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ (၅၅) တင်းနှင့် မတ်ပဲ ၃.၅တင်း၊ နွေစပါး(၆၀တင်း) ထွက်ရှိပြီး တဘူးလှဆည်မှတစ်ဆင့် ရေသွင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ နည်းပါးစွာရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုပေးခြင်းနည်းပါးသည်။ ကျေးရွာသည် စိုက်ပျိုးရေးအသိပညာနည်းပညာမြင့်မားပြီး စိုက်ပျိုးရေးစံနမူနာကောင်းများ ပေါ်ထွက်ဖူးကာ တဆုပ်ပွားစပါးမျိုးကို စမ်းသပ်အောင်မြင်ခဲ့သော တောင်သူ ဦးသိန်းအောင်သည် ကျေးရွာသားတစ်ဦးဖြစ်ပြီး တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် စက်မှုလယ်ယာစနစ်ကို သုံးကြသည်။ စက်ကရိယာဝန်ဆောင်မှုတွင် အခက်အခဲရှိသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှု

ရင်ဆိုင်ရတတ်သည်။ မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကြောင့် ဈေးကောင်းမရပဲ နိုင်ငံတော်မှ လိုအပ်သော အကူအညီများပေးရန် လိုလားကြသည်။

မွေးမြူရေးတွင် စီပီကြက၊ ငုံးများမွေးမြူပြီး ဖြစ်ပွားတတ်သောရောဂါများမှာ ကြက်လည်လိမ်၊ ဝက်နားရွက်ပြာနှင့် အခြားကူးစက်တတ်သော ရောဂါများရှိပြီး နည်းပညာဝန်ဆောင်မှုများကို မြို့နယ်မွေးကုဦးစီးဌာနမှရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက် သဖြင့် ဆောင်ရွက်ပေးနိုင်မှုတွင်အားနည်းသည်။ ဆင်းရဲသောအိမ်ထောင်စု များသည် မွေးမြူရေးလုပ်ရန်ဈေးငွေကို အလွယ်တကူမရရှိနိုင်သဖြင့် မွေးမြူရေးလုပ်ကိုင်ရာတွင် အခက်အခဲရှိသည်။ ကျေးရွာတွင် ရေ၊ မြေနေရာအဆင်မပြေသဖြင့် ငါးမွေးမြူရေးလုပ်ငန်းမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန် များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား အလာ ကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု

ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်း ကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိ အတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျ ကြပြီးသင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသောသင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် လယ်ယာမြေများထွန်ယက်ချိန်နှင့် မတ်ပဲစိုက်ခင်းများတွင်ဖျက်ပိုးများ ကျရောက် တတ်ပြီး ပေါင်းသတ်ဆေးအသုံးပြုခြင်းနှင့် ဖျက်ပိုးများကြောင့် ဓာတုမြေသြဇာများ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျ ဆင်းလာကာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလက်စတစ်ခွံ၊ ပုလင်းခွံများကို စနစ်တကျ မစွန့်ပစ်သဖြင့် သက်ဆိုင်ရာပညာပေးလုပ်ငန်းများမြင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာတွင်ကိုယ်ထူကိုယ်ထ မီးလင်းရေးဆောင်ရွက်ခဲ့သော်လည်း ဓာတ်တိုင်များ စိုက်ထူရာတွင် ဓာတ်ကြိုးများသွယ်တန်းရာ၌ မလွတ်ကင်းသောကြောင့် သက်တမ်းရင့် အရိပ်ရပင်များခုတ်လှဲခဲ့ရ သဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိခဲ့သည်။

တိုက်ကြီးမြို့နယ် လှိုင်မြစ်ကမ်းဘေးကျေးရွာများရေကြီးရေလွှမ်းမှု ဖြစ်ပွါးခဲ့ သော်ကြောင့် ပျက်စီးဆုံးရှုံးမှုများကြုံ တွေ့ရသော်လည်း ကျွန်တော်တို့ကျေးရွာမပါဝင်ခဲ့ပါ။ သို့သော် မာဂရီချောင်း ရေလျှံမှုကြောင့် လယ်မြေအချို့ ရေနစ်မြုပ်ခဲ့ရသည်။ ကုန်းတွင်းဒေသဖြစ် သဖြင့် အားပျော့ သော မုန်တိုင်းဝင်ရောက်မှုသာ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ် သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း ၀.၆၇ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ သမဝါယမစိုက်ထွေအသင်းတွင် အသင်းဝင်များအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ချေးယူနိုင်ကြသည်။ ၆လ ၁ကြိမ် ပြန်ဆပ်ရပြီးစည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။ ပြင်ပတွင် အတိုးနှုန်းကြီးစွာချေးယူရပြီး တစ်နှစ်အတိုးနှုန်း ၃၅% မှ ၆၀% ဖြင့်လည်းကောင်း၊ မိသားစုဝင်များထံမှ တစ်နှစ် ၁၅%ခန့်ဖြင့်လည်းချေးယူရပြီး အများအားဖြင့် အပေါင်ပစ္စည်းဖြင့်သာ ချေးယူကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ အားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၁၀,၀၀၀ကျပ်မှ ဆယ်သိန်းအထိ ချေးယူထား ကြောင်း တွေ့ရှိရသည်။ အိမ်ထောင်စုများ၏ ၉၅%သည် အကြွေးငွေ ၂သိန်းအောက်နှင့် ၅%မှာ ၂သိန်းအထက် ချေးယူထားကြောင်းတွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အ.လ.ကခွဲကျောင်းကို ၂၀၁၆ ၁၇ ပညာရေးနှစ်တွင် အ.လ.က ကျောင်းအဆင့်မှမြင့်တင်ခဲ့ပြီး နဝမတန်းအထိသာပညာသင်ကြားရသည်။ အလယ်တန်းနှင့် အထက်တန်းတွင် ပညာဆက်လက်သင်ယူသူ နည်းပါးပြီးကျောင်းတွင် ပရိဘောဂနည်းပါးပြီး ကျောင်းဆရာ/မ အင်အားလုံလောက်မှုအခက်အခဲရှိသည်။ မသန်စွမ်းသူအတွက် ပညာရေးအထူး အစီအစဉ်မရှိပါ။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျန်းမာရေးဆရာမ ၁ဦး ခန့်ထား ပေးပြီး ကျန်းမာရေး ဝန်ဆောင်မှုတွင် ခက်ခဲပြီး ၁၂မိုင်အကွာတွင် တိုက်ကြီး တိုက်နယ် ဆေးရုံရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုခံယူကြရသည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ ၊ မိုးရေလှောင်ကန် များ ရှိသော်လည်း သောက်သုံးရေလုံလောက်မှုမရှိပါ။ ချမ်းသာသောအိမ်ထောင်စုများမှ ယင်လုံအိမ်သာအသုံးပြုပြီး အလယ်အလတ်နှင့် ဆင်းရဲသောအိမ်ထောင်စုများမှာ ဝါးဖြင့်သာ ဆောက်လုပ်ကြသည်။ တစ်ရွာလုံးနီးပါးသုံးစွဲကြပြီး ရေနှင့် ဆက်စပ်ဖြစ်ပွားသော ရောဂါဖြစ်ပွားမှု နည်းသည်။

စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ မှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသော်လည်း သန့်ရှင်းမှုမရှိပါ ။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ လက်ဘက်ရည် ဆိုင်ထိုင်ခြင်း၊ ဆည်မြောင်း၌ရေကူးခြင်း၊ သီချင်းဆိုခြင်းဖြင့် စိတ်အပန်းဖြေကြပြီး အားကစားပစ္စည်းများနှင့် လက်လှမ်းမီမှုရှိကာ ၄င်းတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော် များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း များတွင်လည်းပါဝင်ကာ ဖလုံဘူတာအုပ်ချုပ်ရေးမှူးရုံးတွင် စာကြည့်တိုက်ရှိပြီး အသိပညာများ ရရှိနိုင် သည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ရန်ကုန်ပြည်ကာလမ်းမနှင့် ချိတ်ဆက်လျက်ရှိပြီး ရွာတွင်းလမ်းမများနှင့် ကျေးရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မြိုင်ဟေဝန်ဆင်စခန်းနှင့် ကွမ်းသီးမြောင်သွားကားလမ်းမကြီးအား ကြားခံကာ ကားလမ်းမှာ နှစ်ဘီးသွား ကွန်ကရစ်လမ်းဖြစ်ပြီး

ကုန်ထုတ်လုပ်ငန်းများအတွက် အဓိကသုံးသည်။ မိုးရာသီတွင်သွားလာရန် ခက်ခဲပြီး ရန်ကုန်၊ ပြည်၊ တိုက်ကြီး၊ ဥက္ကံမြို့သို့အလွယ်တကူသွားလာနိုင်သည်။

ကျေးရွာတွင်းတံတားတည်ရှိမှုတွင် ၄' ၁၂' တံတား ၃ စင်းရှိပြီး မြေသားအမာခံဂဝံလမ်းမကြီး မှာ ပေ၄၀၀ အရှည် နှစ်ဘီးသွားကွန်ကရစ်ခင်းထားသည်။ ၃' ၆' အကျယ်တံတား ၃စင်းရှိပြီး မိုးရာသီတွင် အလွန်ဆိုးသည်။ ရေပွန်းတံတားမှာ ၂'အကျယ် အရှည် ၁၂' ရှိပြီး ဒုံးခိုက်သို့ ရွာချင်းဆက်ထားကာ မြို့ကွက်မှ တိုးလယ်သို့သွားရာတွင် ၄' ၁၂' လမ်းတံတား ၁စင်းရှိသည်။

မီးလင်းရေးတွင် လျှပ်စစ်မီးမရှိဘဲ ကိုယ်ထူကိုယ်ထနည်းဖြင့်ဆောင်ရွက်ထားရှိပြီး အိမ်ထောင်စု ၇၈ အိမ်မီးယူထားပြီး အချို့အိမ်များမှာ မီးလင်းရန် ငွေကြေးအခက်အခဲရှိပါသည်။ ဆင်းရဲသောအိမ်များအတွက်မီးလင်းရန်ကုန်ကျငွေ ၅သိန်းကျော်ကုန်ကျနိုင်သဖြင့် လက်လှမ်းမီမှု မရှိပါ။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများ အတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ကျေးရွာစာကြည့်တိုက်မှ ရန်ကုန်မြို့ မြန်မာ့စာကြည့်တိုက် ဖောင်ဒေးရှင်းနှင့် ချိတ်ဆက်ထားသဖြင့် အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ပြီး ရွာသားများသည် သတင်းစာ၊ ဂျာနယ် တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်း ဆောင်ရွက်ထားသူမရှိ သလောက်နည်းပါးပါသည်။ ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် အမှတ်၃ နယ်မြေရဲကင်း ဖလုံရှိပြီး ရာဇဝတ်မှုဖြစ်ပွားနှုန်း နည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်အသုံးပြုနိုင် ပြီး ကုန်ကျစရိတ်သက်သာကာ ကျောင်းသူ၊သားများ အတွက် စာဖတ်ချိန်တွင် အထောက်အကူ ပြုပါသည်။။ လူနေမှုအဆင့်အတန်းမြင့်မားရေးလာရေးအတွက် အထောက်အကူပြုပါသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေ၏ ၆၂.၃%မှာ အလုပ်လုပ်နိုင်သည်။ ဘွဲ့ရအရေ အတွက်အသင့်အတင့်ရှိပြီး သက်မွေးဝမ်းကျောင်းသင်တန်းများ လေ့ကျင့်သင်ကြားစေပြီး လူသားအရင်း အမြစ်ဖွံ့ဖြိုးမှုအားကောင်းစေပါသည်။

ကျေးရွာတွင် ယေဘုယျအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ဝန်ဆောင်မှုများနှင့် လက်လှမ်းမီမှုရှိပါသည်။ လိုအပ်ပါက ဥက္ကံမြို့သို့သွားရောက်ကာ ဆေးကုသမှုခံယူနိုင်ပါသည်။ ပညာရေးတွင်ပံ့ပိုးမှုမှာ လက်ရှိပညာရေးအနေအထားတွင်ကောင်းမွန်မှုရှိပါသည်။

သဘာဝအရင်းအမြစ်ဖြစ်သော လယ်မြေများသည် မြေဆီကောင်းမွန်သဖြင့် လယ်ယာထွက် ကုန်များကာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပါသည်။ မိုးရွာသွန်းမှုကြောင့် စပါးနှင့် ဆောင်သီးနှံများကို စိုက်ပျိုးရန် အထောက်အပံ့ဖြစ်ပြီး တဘူးလှဆည်မှ ဆည်ရေရရှိပြီး နွေစပါး (၅၀၈ဧက)ကို ရေသွင်းစိုက်ပျိုးနိုင်သဖြင့် စိုက်ပျိုး သီးနှံများကို အထောက်အပံ့ဖြစ်စေပါသည်။ လမ်းပန်းဆက်သွယ်ရေးအသင့်ကောင်းမွန်ပြီး ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ အလွယ်တကူတင်ပို့နိုင်သည်။ မွေးမြူရေးထွက်ကုန်ဈေးကွက်ကောင်းပြီး ကြက်နှင့် ငုံးမွေးမြူရန်

ပိုကောင်းသည်။ မွေးမြူရေးတွင်လည်း တိုးချဲ့မွေးမြူရန်အခွင့်အလမ်းကောင်းပြီး မွေးကုဦးစီးဌာနမှ လိုအပ်သော နည်းပညာဝန်ဆောင်မှု များလုပ်ဆောင်ပေးသင့်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

ထို့အပြင် တဘူးလှရေလှောင်တမံမှ ရေသွယ်ပြီး စိုက်ပျိုးနိုင်သော်လည်း ရေစီးရေလာ ကောင်းမွန်ရန်ရေသွယ်မြောင်းများ တိုးချဲ့ဆောက်လုပ်ပေးပြီး စိုက်ပျိုးဧကတိုးလာအောင် ဆောင်ရွက်ပေးသင့်သည်။ ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများလည်း မတ်ပဲစိုက်ခင်းများ တွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်း ဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက် အပံ့များ ရရှိရန် လိုအပ်သည်။ သို့မှသာ အထွက်နှုန်းမြင့်မားပြီး စိုက်ပျိုးရေးတွင် တွက်ခြေကိုက်မည် ဖြစ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်း မှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံ တွေ့ရတတ်သည်။

ကျေးရွာတွင် တောင်သူအများစု အဓိကကြုံတွေ့ရသည်မှာ သီးနှံဖျက်ပိုးနှင့် ရောဂါများကြောင့် အလေအလွင့်ဖြစ်ကာဆုံးရှုံးခြင်း၊ သီးနှံများအချိန်မီ မရိတ်သိမ်းနိုင်ခြင်း၊ စံချိန်စံညွှန်းအချိန်အတွယ်များနှင့်ပတ်သက်၍ အားနည်းခြင်း၊ ကုန်သည်များ၏ခေါင်းပုံဖြတ်ခြင်း တို့ကြောင့် ဈေးနှုန်းမှန်ကန်စွာမရရှိခြင်း၊ အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန် ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း အတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်စည်စီးဆင်းမှုမြန်ဆန်စေခြင်း၊ ကုန်ထုတ်လုပ် မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) စာတတ်မြောက်မှုနှင့်အသိပညာ၊ ဗဟုသုတပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးပြီး ပညာရေးမှတစ်ဆင့် လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုလည်း ကျယ်ပြန့်လာစေနိုင်သည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ကျန်းမာရေးဗဟုသုတပြည့်ဝ၍ ကျန်းမာရေးအခြေခံ အဆောက်အအုံများ တိုးတက်ပြီး အသိပညာများပြည့်ဝအောင်ဆောင်ရွက်၍ သင့်တင့်သောပြုစု စောင့်ရှောက်မှုများဖြင့် ကျန်းမာကြံ့ခိုင်သောသူများဖြစ်စေရမည်။

က.၄) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး စွမ်းဆောင်ရည်မြင့်မားအောင်ဆောင်ရွက်ပြီး သင်ကြားစေခြင်းဖြင့် ဝင်ငွေရရှိမှုဖူလုံပြီး စီးပွားရေး အနေအထားကို တိုးတက်ကောင်းမွန်လာ စေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်း ပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်း များထူထောင် တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာ၏အခြေခံ အဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိ အောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက် မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊**

ကျေးရွာတွင် စပါးကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေ သည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ သမဝါယမအသင်းမှ လိုအပ်သော ချေးငွေများထုတ်ချေးသော အစီအစဉ်ကိုဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်း ရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်း စေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ ကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင် အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) –ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi -cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင၀့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီ:ဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရေးဖွင၀့်လှစ်ပေးသည၀့် အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျေးရွာ စီမံကိန်းရေးဆွဲသူ သင်တန်းဆရာ၊ ဆရာမများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြား များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | မိုးရာသီတွင်လမ်းများပျက်စီးခြင်း | ၁ | Â | Â | | | |
| ၂ | လူနေခြံကျပ်တည်းခြင်း | ၂ | Â | Â | Â | Â | Â |
| ၃ | လျှပ်စစ်မီးရရှိရေး | ၃ | Â | | | | |
| ၄ | လူနာတင်ယာဉ်ရရှိရန် | ၄ | Â | Â | | | |
| ၅ | လူနာတင်ယာဉ်ရုံးမရှိခြင်း | ၅ | Â | Â | Â | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | မိုးရာသီတွင်လမ်းများပျက်စီးခြင်း | | | | | |
| ၂ | လူနေခြံကျပ်တည်းခြင်း | | | | | |
| ၃ | လျှပ်စစ်မီးရရှိရေး | | | | | |
| ၄ | လူနာတင်ယာဉ်ရရှိရန် | | | | | |
| ၅ | လူနာတင်ယာဉ်ရုံးမရှိခြင်း | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန် ကိုအဓိက ယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုး တွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊

စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကနဦးသတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါ မည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါ လိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင် အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေး ပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံး သပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့် သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက် မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ များ ကိုအောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ )၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**နောက်ဆက်တွဲ (၁)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှငေ့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏ %** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၅ | ၇ | ၂၂ | ၂.၁၅% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၅၇ | ၄၆ | ၁၀၃ | ၉.၆% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅၃ | ၄၈ | ၁၀၁ | ၉.၄% |
| ၉ နှစ်အထက်မှ ၁၅ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၁ | ၄၉ | ၁၁၀ | ၁၀.၃% |
| ၁၅ နှစ်အထက်မှ ၆၀နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၃ | ၃၅၄ | ၆၆၈ | ၆၂.၆% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၃၉ | ၆၁ | ၅.၇% |
| **စုစုပေါင်း လူဦးရေ-၁၀၆၄** | | **၅၂၁** | **၅၄၃** | **၁၀၆၄** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု -၂၅၆** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၈%** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဖလုံဘူတာမြို့ကွက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၅၆)ရှိပါသည်။ကျား(၅၂၁)၊မ (၅၄၃)

စုစုပေါင်းလူဦးရေမှာ (၁၀၆၄) ရှိပြီး တစ်အိမ်ထောင်ပျှမ်းမျှ ၄.၈% ရှိ ပြီး နိုင်ငံတော်က သတ်မှတ်ထားသော တစ်အိမ်ထောင်ပျှမ်းမျှ ၅ဦးနှင့်ညီမျှမှုရှိသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး နို့စို့ကလေး ၂% ၊ ၅နှစ်အောက်ကလေးငယ် ၉.၆%၊ မူလတန်းကျောင်းသားအရွယ် ၉.၄%၊ အလယ်တန်းကျောင်းသားအရွယ်၁၀.၃%၊ အလုပ်လုပ်နိုင်သောအရွယ် ၆.၂၆%၊ သက်ကြီးရွယ်အို ၅.၇% နှုန်းရှိသည်ကိုတွေ့ရသည်။ အလုပ်လုပ်နိုင်သောဦးရေများသောကြောင့် လူသားအရင်းအမြစ်ကောင်းပြီး လူငယ်များစီးပွားဖွံ့ဖြိုးတိုးတက်နှင့်သက်ဆိုင်သော ပညာများလေ့ကျင့်သင်ကြားပေးပြီး ကျေးရွာစီးပွားရေးဖွံ့ဖြိုးရေးတိုးတက်အောင်ဆောင်ရွက်နိုင်ပါသည်။အမျိုးသမီးအလုပ်လုပ်နိုင်သောဦးရေသည် အမျိုးသားဦးရေထက်ပိုများနေသည်ကို လေ့လာတွေ့ရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | မိသားစုဝင် လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၃.၉ | | ၆ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၂ | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင်<br>အိမ်ထောင်စု | % | | မိသားစုဝင် လုပ်အား | တွဲဖက် လုပ်ကိုင်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | ၁၃.၇ | ၄၀ | ၁၄ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၁၂.၅ | | ၆၂ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၃.၉ | ၁၀ | ၅ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝင့် ဘေးကင်းလုံခြုံရေး)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၅ | ၉.၈ | ၂၅ | ၉ | | |
| ၁၆ | **ပညာရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၀.၈ | | ၂ | | |
| ၁၇ | **ကျန်းမာရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၄၂ | ၅၅.၅ | ၁၈၀ | ၁၁ | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |

| စဉ် | လုပ်ငန်းများ | အိမ်ထောင်စု | အဓိက အလုပ်အကိုင် | | မိသားစုဝင် လုပ်အား | တွဲဖက် လုပ်ကိုင်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | % | | | | |
| | စုစုပေါင်း | ၂၅၆ | ၁၀၀% | ၃၂၅ | ၄၁ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ကျေးရွာတွင် တောတက်ဝါးခုတ်ခြင်း၊ ဟင်းရွက်ခူးခြင်း၊ နေ့စားလုပ်ခြင်းများရှိပြီး ဝင်ငွေအနေအထားမှာသာမန်အားဖြင့် လျော့နည်းသည်။ အလုပ်လုပ်နိုင်သူအင်အားနှင့် ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရာတွင်စိုက်ပျိုးရေးနှင့် အခြားလုပ်ငန်း များလုပ်ကိုင်ကြပြီး ကျန်လုပ်ငန်းများတွင်အဌားလုပ်ကိုင်နေကြသည်ကိုတွေ့ရပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၃% သည် ချမ်းသာကြပြီး ၂၇%မှာ အလယ်အလတ်အဆင့်ရှိကြကာ ၅၈%မှာ ဆင်းရဲသောအိမ်ထောင်စု အဖြစ်ခံယူကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့် လက်လှမ်းမီမှုမရှိပဲ ကျေးရွာ့စီးပွားရေးအနေအထားမှာ အလွန်ညံ့သည်ဟု ပြောနိုင်သည်။ ဝင်ငွေရလုပ်ငန်း များဖြစ်သော ကုန်ရောင်းကုန်ဝယ်လုပ်ခြင်း၊ ဈေးရောင်းခြင်း၊ ငွေတိုးပေးခြင်း စသော အသေးစားအိမ်တွင်း လုပ်ငန်းများရှိပြီး ငွေချေးသော အိမ်ထောင်စု အချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြ သည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာမပိုင်သော အိမ်ထောင်စုများပါဝင်သည်။ စက်ဘီး၊ ဆိုင်ကယ် အဟောင်းများကိုသာပိုင်ဆိုင်ကြသည်။ လူနေခြံမဲ့များပြီး ၆၀%ထိရှိကာ အလွန်ဆင်းရဲကြသော အိမ်ထောင်စုများဖြစ်ကြပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၃၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၄၀၀၀ | | ၃၀၀၀ | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၅၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အလုပ်လုပ်ကိုင်သော အလုပ်သမားများကို လေ့လာဆန်းစစ် ချက်အရ တစ်နေ့ရရှိသောလုပ်အားခနှုန်းထားများမှာ ပျိုးနုတ်ချိန်တွင်နေ့စားလုပ်အားခ ၃၀၀၀မှ ၄၀၀၀ထိရကြပြီး ကောက်စိုက်ချိန်တွင် ၃၀၀၀ရရှိကာ ဈေးရောင်းရာတွင် ၂၀၀၀မှ ၁၅၀၀ထိရရှိကြပီး နေ့စားများသည် ၁နာရီတွင် ၃၇၅.၂၅ကျပ်ရှိကာ လခစားများသည် တစ်နေ့ ၄၀၀၀ကျပ်နှုန်းဖြစ်သည်။ ကုန်ထုတ်စွမ်းအားထုတ် လုပ်မှုတွင် အမျိုးသားများမှာ အမျိုးသမီးများထက်လုပ်အားပိုသောကြောင့်ဖြစ်ပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၉၀ဧက | သင့်တင့် | မရ | တဘူလှဆည် |
| ယာမြေ /တောင်ယာ | | – | – | – |
| ဥယျာဉ်ခြံမြေ | | – | – | – |
| အိမ်ခြံဝင်း စိုက်ခင်း | | – | – | – |
| နှစ်ရှည်သီးနှံစိုက်ခင်း | | – | – | – |
| ရွှေ့ပြောင်းတောင်ယာမြေ | | – | – | – |
| ကိုင်း/ကျွန်းမြေ | | – | – | – |
| စားကျက်မြေ | | | | |
| ပလပ်မြေ | ၁.၅ | | | |
| အခြား | | သုသာန် | | |
| **စုစုပေါင်း** | **၉၀ဧက** | သင့်တင့် | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ကျေးရွာတွင် လယ်မြေစိုက်ဧက (၉၀)ဧက ရှိပြီး နှင့်တင့်မြေဆီလွှာ အရည်အသွေး အသင့်အတင့်ရှိပြီး စိုက်ပျိုးရေး နှင့်တင့် ကျေးရွာဝမ်းစာဖူလုံရေး အလားအလာကောင်းပြီး အသင့်အတင့်ဖြည့်ဆည်း ပေးနိုင်ပြီး ရေကိုဆည်ရေမှ ရရှိပါသည်။ စာသင် ကျောင်းသွားရာလမ်းဘေးတွင်ပလပ်မြေရှိပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | | |
| အခြား ရင်းမြစ်များ | | |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့်တင့် | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့်တင့် | ခက်ခဲပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် သဘာဝဓာတ်ငွေ့နှင့်တင့် အခြားတွင်းထွက်ပစ္စည်းများ နှင့်တင့်

လက်လှမ်းမီမှုမရှိပါ။ သဘာဝ တရိစ္ဆာန် မျိုးစိတ်များ မရှိပဲ နွား၊ ကျွဲ၊ ဝက်၊ ကြက်များကိုသာ လက်လှမ်းမီစွာဝယ်ယူနိုင်ပြီး နွားစာရရှိရေးအတွက်လယ်ကန်သင်းများနှင့် တာဘောင်ရိုးများမှ ခက်ခဲစွာ ရိတ်ယူကျွေးမွေးရပါသည်။ ဆေးဘက်ဝင်ပင်များမှာ နလင်ကျော်၊ တောင်နန်ကြီးတို့ကို တွေ့ရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ဧက | ၁၀ဧက | ၃ဧက | – |
| အိမ်အခြေအနေ | တိုက်ခံ | ပျဉ်ထောင်သွပ်မိုး | သက်ကယ်၊ ထရံကာ | ဝါးတိုင်၊ ကြမ်းခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက် ရေစုပ်စက်၊ နွားလှည်း | ရေစုပ်စက် နွားလှည်း | နွားလှည်း | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ဖုန်း၊ တီဗွီ | ဆိုင်ကယ်၊ စက်ဘီး၊ဖုန်း | ဆိုင်ကယ်၊ စက်ဘီး | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | အရောင်းအဝယ် | ကျပန်း၊ ရောင်းဝယ် | ကျပန်း | ခေါင်းရွက် ဗျက်ထိုး |
| အခြားပိုင်ဆိုင်မှု | လူဦးရေ | | | |
| အိမ်ထောင်စု - ၂၅၆ | ၆(၃%) | ၅၂( ၂၀ %) | ၈၄ ( ၃၅ %) | ၁၁၄(၄၁%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၅၆စုတွင် အဆင်ပြေသော မိသားစု ၃%မှာ လုပ်ငန်းသုံးကိရိယာများဖြစ်သော ကား၊ ဆိုင်ကယ်ပိုင်ဆိုင်ကြပြီး တိုက်ခံ ပျဉ်ထောင်အိမ်များဖြစ်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု ၂၀% ရှိပြီး ဆိုင်ကယ်၊ စက်ဘီးများပိုင်ဆိုင်ကာ အရောင်းအဝယ်ကျပန်းနှင့်ဝန်ထမ်းများဖြစ်သည်။ ဆင်းရဲသောအိမ်ထောင် စု ၃၅%ရှိပြီး ခေါင်းရွက်ဗျက်ထိုးကျပန်းလုပ်ကိုင်ကာ အလွန်ဆင်းရဲသူများမှာ ၄၁% ရှိပြီး ဆိုင်ကယ်၊ စက်ဘီး ဟောင်းများသာ ပိုင်ဆိုင်ကြပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားနည်းကာ အိမ်ထောင်စုအများစု မှာ မြေယာမဲ့ လက်လုပ်လက်စားများဖြစ်ပြီး အလုပ်အကိုင်ရှားပါးကာ ဝင်ငွေနည်းပါးကြသည်။ အခြားအသက်မွေးဝမ်းကျောင်းသင်တန်းများ ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အကူ ပြုမည်ဖြစ်ပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၄ | ၇.၂% | ဆန်အိတ်လဆိုင်းဝယ်ယူခြင်း |
| ၃ လနှင့် ၆ လအောက် | ၂၀ | ၆% | အရောင်းအဝယ် |
| ၆လ မှ ၁၂ လ အထိ | ၁၅ | ၄.၅% | ဝန်ထမ်းလခစားများ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုဦးရေများပြားသော် လည်း ရာသီအလိုက်လယ်ယာလုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရာဖွေ စားသောက်နိုင် သောကြောင့် ၆လမှ ၁၂လအထိ ဝမ်းစာဖူလုံသည်။ ငွေလည်ပတ်မှုရှိသဖြင့် ၃လ အောက်မိသားစုများမှာ ကျပန်းများဖြစ်ပြီး အချို့မှာဆန်အိတ် အကြွေးယူရသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၃ | ၁၂ | ၁၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ဝ်ပုဂ္ဂိုလ် | ၃ | ၄ | ၇ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၅ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | မရှိ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိသားစုစောင်ဝ့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၁၅ဦး ၆၀နှစ်အထက်များဖြစ်ကြပြီး သားသမီးများထောက်ပံ့ငွေဖြင်ဝ့်သာ ရပ်တည်ရသော်လည်း ၄င်းတို့ကိုယ်တိုင်ဆင်းရဲသဖြင်ဝ့် မလွယ်ကူပါ။ မသန်စွမ်းသူ ၇ ဦးရှိပြီး မိဘဆွေမျိုးများက ထောက်ပံ့ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့် လက်လှမ်းမီမှုမရှိပဲ ကျေးရွာစီးပွားရေးအနေအထားမှာ အလွန်ညံ့သည်ဟု ပြောနိုင်သည်။ ဝင်ငွေရလုပ်ငန်း များဖြစ်သော ကုန်ရောင်းကုန်ဝယ်လုပ်ခြင်း၊ ဈေးရောင်းခြင်း၊ ငွေတိုးပေးခြင်း စသော အသေးစားအိမ်တွင်း လုပ်ငန်းများရှိပြီး ငွေချေးသော အိမ်ထောင်စု အချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု ၅၄စုမှာ ထိခိုက်လွယ်ပြီး တစ်ခုလပ်အိမ်ထောင်စု ၅စု မှာလည်း ထိုနည်းတူစွာဖြစ်သည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာမပိုင်သော အိမ်ထောင်စုများပါဝင်သည်။ စက်ဘီး၊ ဆိုင်ကယ် အဟောင်းများကိုသာပိုင်ဆိုင်ကြသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့ဝ့်/လတ်/မြင့ဝ့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင်ဝ့်ဝ် | ကျပန်းများရာသီပေါ်လုပ်ကိုင်နိုင် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင်ဝ့်ဝ် | |
| ၃ | ရေကြီးခြင်း | နိမဝ့်ဝ် | တစ်ခါတစ်ရံရေကြီးတတ်ပါသည်။ |
| ၄ | မိုးခေါင်ခြင်း | နိမဝ့်ဝ် | |
| ၅ | အအေးလွန်ကဲခြင်း | လတ် | |
| ၆ | မုန်တိုင်း | နိမဝ့်ဝ် | |
| ၇ | ငလျင် | နိမဝ့်ဝ် | |
| ၈ | မီးဘေး | နိမဝ့်ဝ် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမဝ့်ဝ် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမဝ့်ဝ် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင်ဝ့်ဝ် | |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | တောတောင်နှင်ဝ့်နီးသောကြောင်ဝ့်ဝ် |
| ၁၃ | တီဘီရောဂါ | လတ် | ကျန်းမာရေးအသိပညာနိမဝ့်ဝ်ကျသောကြောင်ဝ့်ဝ် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမဝ့်ဝ် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင်ဝ့်ဝ် | ကာကွယ်ကုသရေးလုပ်ငန်းမရှိသဖြင်ဝ့်ဝ် |
| ၁၇ | လူကုန်ကူးခြင်း | နိမဝ့်ဝ် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမဝ့်ဝ် | ပွင်ဝ့်ဝ်လင်းရာသီတစ်ခုတည်းသာသုံးနိုင် |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လူနေမှုခြိမ်းများပြီး ရာသီအလိုက် တောတက်၊ ဝါးခုတ်၊ ဟင်းရွက်ခူး၊ ဈေးရောင်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေနှင့် ရေရရှိသော်လည်း သဘာဝအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းဒဏ်၊ လျှော်၊ မီးဘေးစသည်တို့အဖြစ်နည်းပြီး ပေါင်းသတ်ဆေးနှင့် ဓာတ်မြေဩဇာများကြောင့် မြေဆီလွှာပျက်ဆီးမှုရှိပြီး သစ်တောပြုန်းတီးမှုများကြောင့် ဝမ်းစာရှာရာတွင် အခက်အခဲရှိသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ သူတစ်ပါးထံမှ ချေးငှားပြီး စားသောက်ရကာ အကြွေးတင်မှုတွင် ၃၀၀၀၀ကျပ်မှ ၃သိန်းထိတင်ရှိနေကြသည်။ ကျန်းမာရေးဗဟုသုတနည်းပါးသဖြင့် ကူးစက်ရောဂါများတစ်ခါတစ်ရံ ဖြစ်ပွားမှုရှိပြီး တိရစ္ဆာန်ကာကွယ်ကုသရေးလုပ်ငန်းများနှင့် လက်လှမ်းမီမှုမရှိသဖြင့် ပျက်ဆီး ဆုံးရှုံးမှုများ တွေ့ရတတ်ပါသည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သညဝ့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သညဝ့်သူများ | ထိခိုက်မှု (နိမဝ့်/လတ်/မြင ့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | အသိပညာဗဟုသုတရှိသောကြောငဝ့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြငဝ့် | အလုပ်အကိုင်ရှားပါးခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြငဝ့် | သစ်တောများပြုန်းတီးခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | | |
| ၇ | ပြည်တွင်းနေရပ်စွနဝ့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | |
| ၉ | ငါးကန်ပိုင်ရှင် | မြငဝ့် | အလုပ်အကိုင်ရှာပါးပြီး တောပြုန်းလာသဖြငဝ့် |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | | |
| ၁၁ | လူနည်းစုလူမျိုးများ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | | |
| ၁၄ | ရွှေတွင်းလုပ်သား | | |
| ၁၅ | ဆေးစွဲသူများ | | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | | |
| ၁၇ | လှညဝ့်လည်သွားလာ၍ဈေးရောင်းသူများ | မြငဝ့် | စားဝတ်နေရေးမပြေလည်သောကြောငဝ့် |
| ၁၈ | နေရပ်ပြန် အခြေချသူများ | | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | | |
| ၂၀ | ကားသမား | | |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး

အလုပ်အကိုင်ဝင်ငွေရှားပါးမှုကြောင့် ဝမ်းစာရှာဖွေရာတွင်ခက်ခဲပါသည်။ ဈေးရောင်းသူအနည်းငယ်ရှိပြီး ၂၀% သည်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကာ အိမ်ထောင်စု ၅၀ သည်လည်းဆင်းရဲ၍ ထိခိုက်လွယ်သော မိသားစုများဖြစ်ကြသည်။ ဆင်အန္တရာယ်ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်စားသောက်ရန် ခက်ခဲပြီး ဈေးရောင်းသူ များမှာလည်း အကြွေးတင်၍ အရင်းမြုပ်ကာ ခက်ခဲနေပြီး ပြင်ပသို့ အချို့လူငယ်များ ဝင်ငွေရရှိရန် သွားရောက်ကြပြီး ထိခိုက်မှုများအနည်းငယ်ရှိတတ်သည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | သာရေး၊ နာရေး | ၂ | ၁၇ | ၉ | ၂၆ | သာရေးနာရေး | ၄ | ၇ |
| ၂ | ဝေယျာဝစ္စ | ၃ | ၁၃ | ၅ | ၁၈ | ဘာသာရေး | ၄ | ၆ |
| ၃ | ဘာသာရေး | ၂ | | ၁၁ | ၁၁ | ရွတ်ဖတ်ခြင်း | ၄ | ၆ |
| | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည်ဖြင့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်းများမှ လူငယ်များဖွဲ့စည်း ထားသော သာရေး၊နာရေးအဖွဲ့များ၊ ဘာသာရေးတို့အတွက် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များတွင် ကျေးရွာလူထုကိုယ်တိုင်ပါဝင်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ကိုရီးယားအဖွဲ့ | ၂ပြည်ပ | |
| ၂ | – | – | – |
| ၃ | – | – | – |
| ၄ | – | – | – |
| ၅ | – | – | – |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်ဝတ္တရား အစီအစဉ် |
|---|---|---|---|
| ၆ | – | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည်ဖြင့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ကိုရီးယားအဖွဲ့ရှိပြီး ငွေချေးပေးကာ အရောင်းအဝယ်လုပ်ငန်းများအတွက်သာ မက လက်လုပ်လက် စားများကိုပါ ပေးသောကြောင့် အချို့မှာ အသုံးမတတ်သဖြင့် ကြွေးတင်ကာ ပေးရမည့်အချိန်တွင် မပေးနိုင်သဖြင့် အတိုးပေးကာ ပြင်ပမှ ထပ်ယူရသဖြင့် နှစ်ထပ် အကြွေးတင်သည်ကိုတွေ့ရ ပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၄၄ | ၉၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | | | ဆင်းရဲတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၂ | ၀.၈% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၉ | ၃.၅% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁ | ၀.၄% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၂၅၆** | **၁၀၀%** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးရေးမြေ ပိုင်ဆိုင်မှု တွင် ၁၂ဧကအထက် ပိုင်ဆိုင်သူ တောင်သူ ၁ဦး ၅ဧကအထက်ပိုင်ဆိုင်သူ တောင်သူ ၉ဦး ဆင်းရဲတောင်သူ မရှိသလောက်ဖြစ်ကာ မြေယာမဲ့ပိုင်ဆိုင်သူ ၂၄၄ဦးရှိပြီး တောင်သူ ဦးရေအချိုးအစားမှာကွာဟလျက်ရှိပြီး ကျေးရွာဖွံ့ဖြိုးရေး အတွက် အားနည်းနေသောအချက်များ ဖြစ်သည်ကိုတွေ့ရှိရပါသည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | ၅၀ | ရာသီအလိုက် | ရ□□ |

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဇကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | – | – | – | |
| ၄ | အဝီစိတွင်း | – | – | – | |
| ၅ | လက်ငင် ရေတွင်း | – | – | – | |
| ၆ | စိမ့်စမ်းရေ | – | – | – | |
| ၇ | ချောင်းရေ | – | | | |
| ၈ | အခြား | – | – | – | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တဘူးလှဆည်မှ ရေသွင်းပြီး နွေစပါး ကို ရာသီအလိုက်စိုက်ပျိုးပြီး အခြားသီးနှံများကိုလည်း ရေသွင်းစိုက်ပျိုးထုတ် လုပ်ပါသည်။ ဆည်ရေပေးဝေမှုမှာ မြောင်းများရေစီးရေလာကောင်းမွန်မှုအားနည်းသောကြောင့် ရေသွင်းပြီး စိုက်ပျိုးထုတ်လုပ်မှုများမှာ အောင်မြင်မှုနည်းပါးနေပါသည်။ ရွာအနီးရှိအစိုးရ ရေလှောင်တမံချောင်း မှလည်းရရှိပါသည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | မှ | ထိ | | | |
| မိုးစပါး | ၉၀ | တင်း | ၄၀ | ၆၀ | ၅၅ | ဇွန် | နို ဝင်ဘာ | လတ် | လတ် | |
| နွေစပါး | ၅၀ | တင်း | ၄၀ | ၆၀ | ၅၀ | ဇန်န ဝါရီ | မေ | နိမ့် | လတ် | |
| မတ်ပဲ | ၄၀ | တင်း | ၃ | ၅ | ၃.၅ | နိုဝင် ဘာ | မတ် | နိမ့် | လတ် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိလယ်မြေ ၉၀ဧကတွင် အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီတွင် ၃လမှ ၄လအကြာ စိုက်ပျိုးရပြီး သီးထွက်နှုန်းမှာ ၄၀တင်းမှ ၆၀တင်း ဖြစ်ပြီး ပျမ်းမျှ ၄၅တင်းခန့်ထွက်ရှိပါသည်။ အဓိကသွင်းအားစုများဖြစ်သော မျိုးကောင်းမျိုးသန့်များ ၊ ဓာတ်မြေသြဇာများ၊ စိုက်ပျိုးရေးကာကွယ်ကုသရေးဆိုင်ရာ အသိပညာများ သင်ကြားပေးနိုင်ရန် လိုအပ်ပါသည်။

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | စက်ကိရိယာငှား ရမ်းလုပ်ကိုင်နေ တေ တောင်သူ | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|
| | တစ်ဦး | အဖွဲ့ပိုင် | ရွာပိုင် | | |

| | ဝး ချင်း ပိုင် | အရေ အတွ က် | လယ်သ မားဦးေ ဝ | အရေအ တွက် | လယ်သ မား ဦးရေ | အရေအတွက် | |
|---|---|---|---|---|---|---|---|
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | | | | | | | |
| ရေစုပ်စက် | | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | | | | | | |
| အခြား | | | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှု နည်းပြီး ရှိပြီးသားစက်ကရိယာများကို တောင်သူများမှ အဆင်ပြေသလို ဌားရမ်းအသုံးမပြုပဲ လက်မှုလယ်ယာစနစ်သာရှိပြီး စက်မှုလယ်ယာ စနစ်ကိုကူးပြောင်းနိုင်ခြင်းမရှိသေးပါး။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ သြဇာ) | ရော်ဘာစိုက်ပျိုးမှုများသဖြင့် မြေမရှိပါ။ |
| ရေရင်းမြစ် | တဘူးလှဆည်မှအလုံအလောက်ရရှိပါသည် |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | တိရစ္ဆာန်များစွနှ့်ပစ်ပစ္စည်းများနှင့် သစ်ရွက်ဆွေးများပေါင်းစပ်ပြီး သဘာဝမြေသြဇာထုတ်ယူနိုင်ပါသည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | ပုံစံ ၇ရှိသောတောင်သူများချေးငွေရရှိပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | အချင်းချင်းဖလှယ်ကြပါသည်။ |
| သွင်းအားစုဈေးကွက် | အသင့်အတင့်ရှိသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန် သွယ်မှု | |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ စိုက်ပျိုးရေးအတွက် မြေဆီလွှာသင့်သော စိုက်ပျိုးမြေမရှိပါ။ ရေအရင်းအမြစ်ကို တဘူလှဆည်နှင့်မာဂရီချောင်းမှ အလွယ်တကူရရှိနိုင်ကာ နွေစပါးအထွက်နှုန်းမှာ တင်း ၅၀မှ ၇၀တင်းထိထွက်ရှိပြီး သဘာဝမြေသြဇာထုတ်လုပ်အသုံးပြုနိုင်ပြီး သီးနှံထုတ်လုပ်မှုကို တိုးစေရန်အတွက် အခွင့်အလမ်းများမှာ စိုက်ပျိုးမြေရရှိနိုင်မှု အသင့်အတင့်ရှိပြီး ထုတ်လုပ်မှု ဈေးကွက်နှင့် ကုန်သွယ်မှုမှာလည်း မြို့သို့အလွယ်တကူ ကုန်သွယ်နိုင်ပါသည်။ တောင်သူများစိုက်ပျိုး စရိတ်ချေးငွေရရှိရန် အားနည်းချက်မပြည့်စုံမှုများရှိပါသည်။ နည်းပညာပိုင်း နှင့်အုပ်ချုပ်ရေး ဝန်ဆောင်မှုပိုင်းတွင် အချင်းချင်းဖလှယ်ကြသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မရှိ |
| မြေဆီသြဇာ အခြေအနေ | အသင့်အတင့် |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ပုံစံ၇ရှိမှသာချေးငွေရရှိပါသည်။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မှီ ရရှိအသုံးချနိုင်မှု | ငွေရရှိမှုနှောင့်နှေးခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | ကျွမ်းကျင်အလုပ်သမားအင်အားနည်းပါးသည် |
| ရေရင်းမြစ်များ ရရှိနိုင်မှု | တဘူးလှဆည်နှင့်မာဂရီချောင်း |
| စိုက်ပျိုးရေမလုံလောက်မှု | မိုးရာသီတွင်ရေလုံလောက်ပြီး နွေရာသီတွင်ရေလုံလောက်မှုမရခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | |
| ဈေးကွက် လက်လှမ်းမီမှု | လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | အချင်းချင်းဖလှယ်ကြပါသည်။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက်စိန်ခေါ်မှုမှာ စိုက်ပျိုးမြေတိုးချဲ့မှု မရှိသည့် အပြင်မြေလွတ်မြေရိုင်းများမရှိပါ။ နွေရာသီတွင်ရေရရှိမှုနည်းပါးသောကြောင့် အနည်းငယ်သာ စိုက်ပျိုးနိုင်ပြီး ပုံစံ ၇ရှိမှသာ တောင်သူများချေးငွေထုတ်ချေးနိုင်ပါသည်။ မျိုးကောင်းမျိုးသန့်နှင့် အခြားသွင်းအားစုများကို အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ ဝင်ငွေရရှိမှု နည်းပါးသောကြောင့် ကျွမ်းကျင်လုပ်သားရှားပါးပါသည်။ ဈေးကွက်လက်လှမ်းမီမှုမှာ လမ်းပန်း ဆက်သွယ်ရေးခက်ခဲသဖြင့် လက်လှမ်းမီမှုအားနည်းပြီး နည်းပညာပိုင်းဆိုင်ရာတွင် အချင်းချင်း ဖလှယ်မှုရှိပါသည်။

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | | | |
| နို့စားနွား | | | |
| မြင်း | | | |
| ကျွဲ | ၇ | ၂၅ | လယ်ယာလုပ်ငန်းတွင်သုံးရန် |
| မြည်း | – | – | |
| လား | – | – | |
| ဆိတ် | ၁၁ | ၉၀ | တစ်နိုင်တစ်ပိုင်မွေးမြူခြင်း |
| သိုး | – | – | |
| ဝက် | ၄၃ | ၇၇ | |
| ကြက် | ၉၇ | ၆၆၂ | |
| ဘဲ | ၉ | ၄၃ | |
| နွားနောက် | ၃၃ | ၇၆ | |
| အခြား | – | – | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | – | – | |
| ပုဇွန်ကန် | – | – | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | – | – | |
| ရေချို ငါးဖမ်းလုပ်ငန်း | – | – | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | – | – | |
| အခြား | – | – | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ကျွဲအကောင်ရေ (၂၅)ကောင်ရှိပြီး ပိုင်ရှင် ၇ဦးဖြစ်ကာ၊ အိမ်ထောင်စု (၁)စုတွင် ဆိတ်အကောင်ရေ (၉၀)၊ အိမ်ထောင်စုတိုင်း တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး ကြက်အကောင်ရေ (၆၆၂)ကောင် အသီးသီးမွေးမြူ ကြပါသည်။ အိမ်ထောင်စု ၉ စုတွင် ဘဲကောင်ရေ ၄၃ ကောင်နှင့် အိမ်ထောင်စု ၃၃ စုတွင် နွားနောက်ကောင်ရေ ၇၆ ကောင်မွေးမြူထား ရှိပြီး တစ်နိုင်တစ်ပိုင်မွေးမြူပြီး အလုပ်အကိုင်ဝင်ငွေရှာဖွေနိုင်ပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေမရှိပါ။ |
| ရေရရှိမှု | အလွယ်တကူရရှိပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | လက်လှမ်းမီမှုမရှိပါ။ |
| ချေးငွေ | ငွေတိုးချေးသူနှင့် ကိုရီးယားငွေစုငွေချေးမှ |
| သွင်းအားစုဈေးကွက် | မြို့တွင်ဝယ်ယူနိုင်ပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှု | အဆင်ပြေချောမွေ့ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | တစ်နိုင်တစ်ပိုင်မွေးမြူရန်အိမ်ခြံဝန်းမြေနေရာလုံလောက်မှုမရှိပါ။ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စားကျက်မြေမရှိသဖြင့်နွားစာများကို လယ်ကန်သင်းများ မှ အလွယ်တကူရရှိနိုင်ပြီး ရေလည်းအလုံအလောက်ရရှိပါသည်။ မျိုးကောင်းမျိုးသန့်မွေးမြူရန် လက်လှမ်းမမီသော်လည်း မိမိကိုယ်ပိုင်ငွေဖြင့် သာ မွေးမြူကြပီး အစားအစာလည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ဝန်ဆောင်မှုဈေးကွက်တွင်လွယ်ကူပြီး မွေးမြူရေးတွင် အလုပ်အကိုင် ဝင်ငွေရှားပါးမှု ၊ နည်းပညာအားနည်းမှုတို့ ကြောင့် စီးပွားဖြစ်မွေးမြူရန် မြေနေရာလိုအပ်ချက်ရှိ သည်ကိုတွေ့ရပါသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | မရှိပါ။ |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | ဝက်နားရွက်ပြာ၊ကြက်လည်လိမ်ရောဂါ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ကာကွယ်မှုလုပ်ငန်းများဆောင်ရွက်မှုမရှိပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိပါ။ |
| အခြား | မရှိပါ။ |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့်ပြုချက် ရရှိနိုင်မှု | – |
| ဈေးကွက်ရှိနိုင်မှု | – |
| အခြား | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မွေးမြူရေး လုပ်ငန်းတွင်လုပ်ငန်းတိုးချဲ့ရန် ဈေးကွက်လုံလောက်မှုမရှိပါ။ သက်ဆိုင်ရာမြို့နယ် မွေးကုဦးစီးဌာနနှင့် ပူးပေါင်းပြီးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အရင်းအနှီးလိုအပ်နေပါသည်။ သမဝါယမအသင်းမှ ဈေးငွေချေးသော်လည်း လုံလောက်မှုမရှိပါ။ အသင်းသားများကိုသာ ချေးခြင်းဖြစ်ပြီး စီးပွားဖြစ်လုပ်ကိုင်ရန် အခက်အခဲရှိ ပါသည်။ ရောဂါများကျရောက်သည့်အခါများတွင် အပျက်အစီးများသည်ကိုတွေ့ရပြီး ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အားနည်းနေသည် ကိုတွေ့ရပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | – | – | – | – |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | – | – | – | – |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၂ | ၂ | ၂ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | – | – | – | – |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | – | – | – | – |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၃၅ | ၃၅ | ၄၀ | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | ၃၂ | ၃၂ | ၆၂ | လတ် |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၁၀ | ၁၀ | ၅ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | – | – | – | – |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | – | – | – | – |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( | ၂၅ | ၂၅ | ၂၅ | လတ် |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်၀င် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | – | – | – | – |
| ၁၅ | လူမှုရေးလုပ်ငန်းများ | – | – | – | – |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၅၀ | ၁၄၂ | ၁၈၀ | လတ် |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | – | ၅ | – | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၃၀ | ၃၀ | ၃၀ | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရ နေ့စား၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးသည်များ၊ အစိုးရဝန်ထမ်းများဖြစ်ပြီး မိုးရာသီတွင်ဟင်းရွက်ခူးကာ အသက်မွေးပြီး အလုပ်အကိုင်ဝင် ငွေမမှန်သဖြင့် ခက်ခဲသော်လည်း အလုပ်လုပ်နိုင်သောလူဦးရေများပြားသည်။ မြို့သို့တက်ပြီး အသက်မွေးလုပ်ငန်းများတွင်လုပ်ကိုင်သော အိမ်ထောင်စုများရှိပြီး ပို့ဆောင်ရေး၊ သိုလှောင်ရေး လုပ်ငန်း များ၊ ပန်းထိုး၊ အပ်ချုပ်၊ ဇာထိုး၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်၊ ကားမောင်းစသည်ဖြင့် လုပ်ကိုင် သော အိမ်ထောင်စု များနှင့်အငှားကျပန်းလုပ်ကိုင်နေသော အိမ်ထောင်စု များသည်မိသားစုအတွက် ထောက်ပံ့ငွေ ပေးနိုင်မှုမှာ နည်းပါးသည်။ ငွေကြေးအဆင်ပြေသူများမှာ သင်တန်းများသို့သွားရောက် သင်ကြားကြသည်။

**(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဆိုင်ကယ်ကယ်ရီဆွဲခြင်း | ကုန်ထုတ်လုပ်ငန်းရှိသဖြင့် ကယ်ရီလုပ်ကိုင်နိုင်ပါသည်။ |
| နေ့စား | ဈေးနှုန်းမကိုက်ပဲ ရသည့်ငွေကြေးနည်းပါးခြင်း |
| ပန်းရံ | |
| ဈေးရောင်း | အလုပ်ရှားပြီး နေ့တွက်မကိုက်ခြင်း |
| ကျပန်း | ဝင်ငွေမမှန်ပါ။ |
| | |
| | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိလူငယ်များသည် ကိုယ်ပိုင်ဆိုင်ကယ်များဖြင့် ကယ်ရီဆွဲခြင်း

ကြောင့်ပုံမှန်ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေကာ ကုန်စည်ပို့ဆောင်သယ်ယူရေးတွင် လည်းအထောက်အကူပြုပါသည်။ သို့သော် ဆိုင်ကယ်ပျက်လျှင်မပြင်တတ်ကြပါ။ ကျပန်းလုပ်ငန်း များမှ အရောင်းအဝယ်လုပ်ငန်းကိုလည်း လုပ်ကိုင်နိုင်ပြီး ပန်းရံလုပ်ရာမှ လည်း ဝင်ငွေ အသင့်အတင့်ရကြကာ ဈေးရောင်းခြင်းဖြင့်လည်း အမျိုးသမီးများ ဝင်ငွေရလုပ်ငန်း လုပ်ကိုင်နိုင် သည်ကို လေ့လာတွေ့ရှိရပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်ငန်းရှားခြင်း | ပညာမတတ်သဖြင့် လက်မှု၊ စက်မှုတွင် မကျွမ်းကျင်ခြင်း |
| ဆင်အန္တရာယ် | တောတက်၊ ဝါးခုတ်၊ ဟင်းရွက်ခူးရာတွင် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ ရွာသူ၊ သားများသည် ပညာမတတ်သဖြင့် စက်မှု၊ လက်မှုတွင် မကျွမ်းကျင်သဖြင့် အလုပ်ရှာရာတွင်ခက်ခဲပြီး တစ်ခါတစ်ရံ ဆင်အန္တရာယ်နှင့် ကြုံတွေ့ရသဖြင့် လုပ်ကိုင်စားသောက်ရာတွင် ငွေကြေးအရင်းအနှီးနည်းပညာလိုအပ်ချက်များရှိသဖြင့် တွင်ကျယ်စွာ မလုပ်နိုင်သည်ကို တွေ့ရပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၅၅ | - | - | - | - | - | - | - | - | - |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | - | ၅၅ | ၁၈ | ၇၃ | ၄၀ | ၁၇ | ၅၇ | ၁၅ | ၁ | ၁၆ |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၁၇ | – | – | – | – | – | – | – | – |
| | ၆ လ အထိ | - | ၁၁ | – | – | – | – | – | – | – | – |
| | ၁၂ လ အထိ | - | | – | – | – | – | – | – | – | – |
| | ၁၂ လ အထက် | - | ၄၅ | | | | | | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာပြင်ပသို့ပြောင်းရွှေ့သွားလာသော အိမ်ထောင်စု တွင်ပြည်တွင်း၌ မ (၁၇)ဦးနှင့် ပြည်ပတွင် ကျား (၄၀)ဦးရှိသည်ကိုတွေ့ရပြီး ပြည်ပတွင် ကျား (၁၅) ၊မ (၁) ဦးရှိပြီး ရွှေ့ပြောင်း လုပ်သားများသည် မိသားစုဝမ်းရေးအတွက် ဝင်ငွေရရှိရန် ၃လမှ ၁၂ လအထက်အထိ သွားရောက်လုပ်ကိုင်ကြသည်ကိုတွေ့ရပါသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၁၈ဦး |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | – |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | – |
| ၄ | အခြား | – |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

